မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၆) ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ ၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂၀/၂၀၁၆)အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် (၁၂)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်းပေါင်း (၁၃၈၀.၄၅၄) နှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် (၇,၇၅၃)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၁၂)ခုတွင် စက်မှုလုပ်ငန်း(၇) ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း (၂) ခု၊ မွေးမြူရေး/ရေလုပ်ငန်း(၁)ခု ၊ အခြား ဝန်ဆောင်မှုလုပ်ငန်း (၁)ခုနှင့် လျှပ်စစ်ဓါတ်အား လုပ်ငန်း(၁)ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။

(၂၀/၂၀၁၆)အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၇) ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း (၅၆.၀၀၉) နှင့် ကျပ်သန်း (၁၀၇,၆၉၇.၁၄၀) နှင့် အလုပ်အကိုင် (၁,၆၅၉)ခု ဖန်တီး ပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၇)ခုတွင် စက်မှုလုပ်ငန်း(၃) ခု၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း (၁) ခု၊ နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း(၃) ခု တို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ အောက်တိုဘာလကုန်အထိ စီးဝင်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၆၄)ခု ၊ ရင်းနှီးမြှုပ်နှံမှု ပမဏ အမေရိကန်ဒေါ်လာ သန်းပေါင်း (၂,၀၄၃.၂၈၉) ဖြစ်ပါသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၉)ခု၊ အမေရိကန် ဒေါ်လာ သန်းပေါင်း (၁၅၅.၈၉၅)နှင့် ကျပ်သန်း (၂၈၂,၇၂၄.၂၇၉) ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု ၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက်ရရှိနိုင်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက် အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု ၊ တီထွင်ဆန်းသစ်မှု ၊ နည်းပညာလွှဲပြောင်းရရှိမှု ၊ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မှု အစီအမံများ၊ တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်း နှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်း စသည့် အချက်များကို အခြေခံ၍ စိစစ်ခြင်း ဖြစ်ပါသည်။

Email : dica@mptmail.net.mm

Website: ww.dica.gov.mm